# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး

# ဘီနင်းသမ္မတနိုင်ငံ၏ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ
# တရားရုံးအကြောင်း
# လေ့လာတင်ပြခြင်း




စာတမ်းပြုစုတင်ပြသူများ- ဒေါ်လဲ့လဲ့ခိုင်
ဒုတိယညွှန်ကြားရေးမှူး
ဥပဒေဌာနခွဲ
ဒေါ်မေဇာအောင်
ဒုတိယဦးစီးမှူး
လုပ်ထုံးဌာနခွဲ


ရက်စွဲ၊ ၂၀၂၄ ခုနှစ်၊ မေလ ၉ ရက်

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | ဘီနင်းသမ္မတနိုင်ငံအကြောင်းအကျဉ်းချုပ် | ၁ |
| ၂။ | ဖွဲ့စည်းပုံအခြေခံဥပဒေသမိုင်း | ၂ |
| ၃။ | ဖွဲ့စည်းပုံအခြေခံဥပဒေပြဋ္ဌာန်းခဲ့သည့် ခုနှစ်များ | ၃ |
| ၄။ | နိုင်ငံတော်အာဏာပိုင်းခြားကျင့်သုံးခြင်း | ၃ |
| ၅။ | ဥပဒေပြုရေး | ၃ |
| ၆။ | ဖွဲ့စည်းပုံအခြေခံဥပဒေကိုပြင်ဆင်ခြင်း | ၅ |
| ၇။ | အုပ်ချုပ်ရေး | ၅ |
| ၈။ | ဥပဒေများကို ထုတ်ပြန်ကြေညာခြင်း | ၆ |
| ၉။ | တရားစီရင်ရေး | ၇ |
| ၁၀။ | တရားလွှတ်တော်ချုပ် | ၇ |
| ၁၁။ | တရားလွှတ်တော် | ၈ |
| ၁၂။ | အယူခံတရားရုံး | ၉ |
| ၁၃။ | ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး | ၁၀ |
| ၁၄။ | ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးဖွဲ့စည်းခြင်း | ၁၀ |
| ၁၅။ | ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၏ သက်တမ်း | ၁၁ |
| ၁၆။ | ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး၏ လုပ်ငန်းတာဝန်များ | ၁၁ |
| ၁၇။ | ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးသို့ တင်သွင်းခွင့်ရှိသူများ | ၁၂ |
| ၁၈။ | နိုင်ငံတော်သမ္မတနှင့် ပတ်သက်သည့်ဆောင်ရွက်ချက်များ | ၁၂ |
| ၁၉။ | လူ့အခွင့်အရေးများကို ချိုးဖောက်သည့် ကိစ္စရပ်များနှင့် စပ်လျဉ်းသော ဆောင်ရွက်ချက်များ | ၁၃ |

| | | |
|---|---|---|
| ၂၀။ | ဥပဒေများအား ထုတ်ပြန်ကြေညာခြင်းမပြုမီ ဆောင်ရွက်ချက်များ | ၁၃ |
| ၂၁။ | စာချုပ်များ၊ အပြည်ပြည်ဆိုင်ရာ သဘောတူညီချက်များနှင့် စပ်လျဉ်းသည့် ဆောင်ရွက်ချက် | ၁၄ |
| ၂၂။ | ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး၏ ဆုံးဖြတ်ချက် | ၁၄ |
| ၂၃။ | ဘီနင်းနိုင်ငံသားက ဘီနင်းနိုင်ငံအပေါ် အာဖရိကတရားရုံး (ACHPR)၌ စွဲဆိုခဲ့သောအမှု | ၁၅ |
| ၂၄။ | သုံးသပ်ချက် | ၁၉ |
| ၂၅။ | နိဂုံး | ၁၉ |
| ၂၆။ | ကျမ်းကိုးစာရင်း | ၂၀ |
| ၂၇။ | အင်တာနက်ဝက်ဆိုဒ်များ | ၂၁ |

**ဘီနင်းသမ္မတနိုင်ငံအကြောင်းအကျဉ်းချုပ်**

၁။ ဘီနင်းသမ္မတနိုင်ငံသည် ယခင်က ဒါဟိုမီဘုရင့်နိုင်ငံဟုအမည်တွင်ခဲ့ပြီး နိုင်ငံပေါင်းများစွာ၏တစ်ဆက်ပြီးတစ်ဆက်အုပ်ချုပ်ခြင်းခံခဲ့ရသည့် အလယ်ခေတ်အာဖရိကနိုင်ငံကြီးတစ်ခုလည်း ဖြစ်ခဲ့သည်။ ဒါဟိုမီအင်ပါယာသည် ၁၆ ရာစု ဝန်းကျင်မှ ပြင်သစ်လက်အောက်သို့မကျရောက်မီ ၁၉၀၄ ခုနှစ်အထိ နှစ်ပေါင်း ၄၀၀ သက်တမ်းရှိခဲ့ပြီး အတ္တလန်တိတ်ကမ်းရိုးတမ်းတွင် အဓိက အာဏာရှိသူအဖြစ် ပေါ်ထွန်းခဲ့သည်။

၂။ ၁၉ ရာစုနှောင်းပိုင်းတွင် ပြင်သစ်ကိုလိုနီများသည် ကမ်းရိုးတန်းဒေသမှ ကုန်းတွင်းပိုင်းဒေသတိုင်အောင် ကျူးကျော်မှုများပြုခဲ့ပြီး နယ်မြေဒေသတစ်ခုလုံးလက်လွှတ်ခဲ့ရသည့် ဒါဟိုမီဘုရင့်နိုင်ငံတော်၏အမည်ကို အသုံးပြုခဲ့ရာ အဆိုပါဒေသသည်ပင် ယနေ့ခေတ် ဘီနင်းနိုင်ငံဖြစ်လာခဲ့သည်။ ဒါဟိုမီနိုင်ငံသည် ၁၉၆၀ ခုနှစ်တွင် ပြင်သစ်တို့ထံမှ လွတ်လပ်ရေး ရရှိခဲ့သည်။ တစ်ပြည်ထောင်စနစ်ကိုကျင့်သုံးပြီး ဥပဒေစနစ်မှာ Civil Law စနစ်ဖြစ်ပါသည်။




**ဘီနင်းသမ္မတနိုင်ငံ၏မြေပုံ**

၃။ ဘီနင်းသမ္မတနိုင်ငံ၏ အရှေ့ဘက်တွင် နိုင်ဂျီးရီးယားပြည်ထောင်စုသမ္မတနိုင်ငံ၊ အနောက်ဘက်တွင် တိုဂိုသမ္မတနိုင်ငံ၊ အနောက်မြောက်ဘက်၌ ဘာကီနာဖာဆိုနိုင်ငံ၊ မြောက်ဘက်၌

နိုင်ဂျာသမ္မတနိုင်ငံ၊ တောင်ဘက်တွင် ဘီနင်းကမ်းရိုးတန်းတို့ ရှိကြပါသည်။ ဧရိယာစတုရန်းမိုင် ပေါင်း ၄၄၃၁၀ ရှိပြီး မြို့ပြဒေသမှာနိုင်ငံ၏ ၄၈.၄ ရာခိုင်နှုန်းရှိ၍ ကျေးလက်ဒေသမှာ ၅၁. ၆ ရာခိုင်နှုန်းရှိကာ ရုံးသုံးဘာသာစကားမှာ ပြင်သစ်ဘာသာစကား ဖြစ်သည်။ ၂၀၂၃ ခုနှစ်တွင် လူဦးရေ ၁၃,၇၁၂,၈၂၈ ရှိပြီး မြို့တော်မှာ Porto-Novo ဖြစ်သည်။

၄။ အကျင့်ပျက်ခြစားမှုများကြောင့် နိုင်ငံ၏စီးပွားရေးမှာအဘက်ဘက်မှ ဆုတ်ယုတ်ခဲ့ရပြီး ၁၉၈၀ ခုနှစ်များအလယ်၌ စီးပွားရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်ခဲ့သော်လည်း အောင် မြင်မှု မရရှိခဲ့ပေ။ ကမ်းရိုးတန်း ပင်လယ်ကွေ့တွင်တည်ရှိပြီး သဘာဝအရင်းအမြစ် ပေါကြွယ်ဝခြင်း မရှိသည့် ဘီနင်းသမ္မတနိုင်ငံသည် ယခုချိန်တိုင်အောင် ကမ္ဘာ့အဆင်းရဲဆုံးနိုင်ငံများတွင် ပါဝင်ဆဲ ဖြစ်ပြီး အဆင့်သတ်မှတ်ချက်မှာ ၃၅ ဖြစ်ကြောင်းတွေ့ရှိရပါသည်။

## ဖွဲ့စည်းပုံအခြေခံဥပဒေသမိုင်း

၅။ ၁၉၆၀ ခုနှစ်တွင် ပြင်သစ်နိုင်ငံထံမှ လွတ်လပ်ရေးရရှိခဲ့သည်။ ထိုနှစ်တွင်ပင် ရွေးကောက် ပွဲကျင်းပခဲ့ပြီး **the Parti Dahoméen de L'Unité** ပါတီမှ **Mr. Hubert Maga** က တိုင်းပြည်၏ ပထမဆုံးသမ္မတ ဖြစ်လာခဲ့သည်။ ၁၉၆၀ ခုနှစ်မှ ၁၉၇၂ ခုနှစ်အထိ စစ်အာဏာသိမ်းမှု အများအပြား ရှိခဲ့ပြီး ထိုအတောအတွင်း မတူညီသော ဖွဲ့စည်းပုံအခြေခံဥပဒေ ၄ ခု ချမှတ်ကျင့်သုံးခဲ့သည်။ ၁၉၇၂ ခုနှစ်၌ တပ်မတော်ခေါင်းဆောင်ဖြစ်သော ဒုတိယဗိုလ်မှူးကြီး **Mathieu Kerekou** က တိုင်းပြည် အာဏာကို သိမ်းယူခဲ့သည်။ ၁၉၇၄ ခုနှစ်တွင် သမ္မတ **Kerekou** က ဒါဟိုမီနိုင်ငံကို မာ့က်စ်-လီနင် နိုင်ငံတော်အဖြစ် ကြေညာခဲ့ပြီး တစ်နှစ်အကြာ ၁၉၇၅ ခုနှစ်တွင် ဘီနင်းပြည်သူ့သမ္မတနိုင်ငံဟု အမည်ပေးခဲ့သည်။

၆။ ၁၉၇၇ ခုနှစ်တွင် မာ့က်စ်-လီနင်ဝါဒကို အခြေခံသော ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းကို ရေးဆွဲအတည်ပြုခဲ့သည်။ **Kerekou** သည် ၁၉၈၀ ခုနှစ်တွင် နိုင်ငံတော်သမ္မတအဖြစ် တစ်ညီ တစ်ညွတ်တည်း ရွေးကောက်တင်မြှောက်ခံခဲ့ရပြီး ၁၉၈၄ ခုနှစ်တွင်လည်း ထပ်မံရွေးကောက်ခံခဲ့ရ သည်။ ၁၉၈၉ ခုနှစ်တွင် Kerekou သည် မာ့က်စ်-လီနင်ဝါဒကို ကြေညာခဲ့ပြီး ဖွဲ့စည်းပုံအခြေခံ ဥပဒေပြုပြင်ပြောင်းလဲရေးကော်မတီတစ်ရပ် ဖွဲ့စည်းမည့် အမျိုးသားပြန်လည်စေ့စပ်ညှိနှိုင်းရေး ညီလာခံတစ်ခုကို ခေါ်ယူကျင်းပခဲ့သည်။ ၁၉၉၀ ခုနှစ် မတ်လတွင် ဘီနင်းပြည်သူ့သမ္မတနိုင်ငံမှ ဘီနင်းသမ္မတနိုင်ငံ ဖြစ်လာခဲ့သည်။ ထို့ပြင် ၁၉၇၇ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအား ပါတီစုံနိုင်ငံ ရေးကိုကျင့်သုံးသည့် ဖွဲ့စည်းပုံအခြေခံဥပဒေအသစ်ဖြင့် အစားထိုးခဲ့သည်။ ထို့နောက် ယခုလက်ရှိ ကျင့်သုံးနေသည့် ဘီနင်းသမ္မတနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေကို ၁၉၉၀ ခုနှစ် ဒီဇင်ဘာလ ၂ ရက်နေ့တွင် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲဖြင့် အတည်ပြုပြဌာန်းခဲ့သည်။

**ဖွဲ့စည်းပုံအခြေခံဥပဒေပြဋ္ဌာန်းခဲ့သည့်ခုနှစ်များ**

၇။ ၁၉၆၀ ခုနှစ်မှ ၁၉၇၂ ခုနှစ်အထိ ဖွဲ့စည်းပုံအခြေခံဥပဒေ ၄ ခုရှိခဲ့ပြီး ၁၉၇၇ ခုနှစ်တွင် မာ့က်စ်-လီနင်ဝါဒကို အခြေခံသော ဖွဲ့စည်းပုံအခြေခံဥပဒေ နှင့် ၁၉၉၀ ခုနှစ်တွင် ပါတီစုံနိုင်ငံရေး အတွက်ခွင့်ပြုခဲ့သည့် ဖွဲ့စည်းပုံအခြေခံဥပဒေတို့ကို ရေးဆွဲပြဋ္ဌာန်းကျင့်သုံးခဲ့သည်။ ၁၉၉၀ ခုနှစ် ဒီဇင်ဘာလ ၂ ရက်နေ့ တွင် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲဖြင့် အတည်ပြုပြဋ္ဌာန်းခဲ့ပြီး ၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၇ ရက်နေ့၌ ဖွဲ့စည်းပုံအခြေခံဥပဒေကိုပြင်ဆင်သည့် ဥပဒေအမှတ် ၄၀/၂၀၁၉ ဖြင့် တစ်ကြိမ် ပြင်ဆင်ခဲ့သည်။

**နိုင်ငံတော်အာဏာပိုင်းခြားကျင့်သုံးခြင်း**

၈။ ဘီနင်းသမ္မတနိုင်ငံသည် တစ်ပြည်ထောင်စနစ်ကျင့်သုံးပြီး civil law စနစ်ကျင့်သုံးသော နိုင်ငံဖြစ်သည်။ နိုင်ငံတော်၏အချုပ်အခြာအာဏာကို နိုင်ငံတော်သမ္မတ၊ ဥပဒေပြုလွှတ်တော်တစ်ရပ် တည်းသာရှိသော ပါလီမန်၊ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး၊ တရားလွှတ်တော်ချုပ်တို့ဖြင့် ခွဲဝေကျင့်သုံးသည်။

**ဥပဒေပြုရေး**

၉။ National Assembly ဟုခေါ်သော လွှတ်တော်တစ်ရပ်တည်းဖြင့် ဖွဲ့စည်းထားသည့် ပါလီမန်ဖြင့် ဥပဒေပြုရေးအာဏာကို ကျင့်သုံးဆောင်ရွက်ပြီး အစိုးရအဖွဲ့၏ဆောင်ရွက်ချက်များကို ကြီးကြပ်ကွပ်ကဲသည်ဟု ဖွဲ့စည်းပုံအခြေခံဥပဒေအပိုဒ် ၇၉ တွင်ပြဋ္ဌာန်းထားသည်။ ရွေးကောက်ပွဲ စနစ်မှာ အချိုးကျကိုယ်စားပြုစနစ် (Proportional Representation) ဖြစ်သည်။ လွှတ်တော် ကိုယ်စားလှယ်များကို အများဆန္ဒဖြင့် တိုက်ရိုက်ရွေးကောက်တင်မြှောက်ပြီး သက်တမ်းမှာ ယခင်က ၄ နှစ်ဖြစ်သော်လည်း ၂၀၁၉ ခုနှစ် တွင် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ပြီးနောက် ၂၀၁၉ ခုနှစ်ရွေးကောက်ပွဲဥပဒေကို ပြဋ္ဌာန်းခဲ့ရာ အဆိုပါဥပဒေ အပိုဒ် ၁၄၄ အရ သက်တမ်းမှာ ၅ နှစ်ဖြစ်လာပြီး လွှတ်တော်ကိုယ်စားလှယ် အရေအတွက်မှာလည်း ၈၃ ဦး မှ ၁၀၉ ဦးအထိ ဖြစ်လာ ခဲ့သည်။ ထို ၁၀၉ နေရာအနက် ၂၄ နေရာမှာ အမျိုးသမီး လွှတ်တော်ကိုယ်စားလှယ်များအတွက် ဖြစ်သည်။ နောက်တစ်ကြိမ် ထပ်မံရွေးကောက် တင်မြှောက်ခံပိုင်ခွင့်ရှိသည်။



## ဘီနင်းသမ္မတနိုင်ငံ ဥပဒေပြုလွှတ်တော်

၁၀။ လွှတ်တော်ဥက္ကဋ္ဌကို လွှတ်တော်၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ ရွေးကောက်တင်မြှောက်သည်။ လွှတ်တော်ဥက္ကဋ္ဌ၏ စီမံခန့်ခွဲမှုများနှင့် ဆောင်ရွက်ချက်များအပေါ် မည်သည့်လွှတ်တော်ကိုယ်စားလှယ်ကမဆို နှုတ်ဖြင့်ဖြစ်စေ၊ စာဖြင့်ဖြစ်စေ မေးခွန်းများ မေးမြန်းနိုင်ပြီး ဖြေရှင်းချက်များပေးရန်တောင်းဆိုနိုင်သည်။ ဥပဒေပြုလွှတ်တော်သည် စုံစမ်းစစ်ဆေးရေးကော်မရှင်တစ်ရပ်ဖွဲ့စည်း၍ ကော်မရှင်၏အစီရင်ခံစာအပေါ် လွှတ်တော်ကိုယ်စားလှယ်အားလုံး၏ ၃ ပုံ ၂ ပုံ ဆန္ဒမဲဖြင့် ဥက္ကဋ္ဌနုတ်ထွက်ပေးရန်တောင်းဆိုနိုင်သည်။ ဥက္ကဋ္ဌနေရာလစ်လပ်ပါက ၁၅ ရက်အတွင်း ပြန်လည်ရွေးကောက်တင်မြှောက်ရသည်။

၁၁။ လွှတ်တော်အစည်းအဝေးများကို တစ်နှစ်လျှင် နှစ်ကြိမ်ကျင်းပသည်။ ပထမအကြိမ်အစည်းအဝေးများကို ဧပြီလ၏ ပထမပတ်၌ ကျင်းပပြီး ဒုတိယအကြိမ်အစည်းအဝေးများကို အောက်တိုဘာလ၏နောက်ဆုံး နှစ်ပါတ်တွင်ကျင်းပသည်။ နိုင်ငံတော်သမ္မတကဖြစ်စေ၊ လွှတ်တော်ကိုယ်စားလှယ်အများစုကဖြစ်စေ တောင်းဆိုသည့်အခါ အထူးအစည်းအဝေးကို လွှတ်တော်ဥက္ကဋ္ဌက ကျင်းပပေးရမည်ဖြစ်ပြီး အထူးအစည်းအဝေးသည် ၁၅ ရက်ထက် ပို၍ မကြာစေရပါ။

၁၂။ အပိုဒ် ၁၀၁ အရ ဥပဒေပြုလွှတ်တော်သည် စစ်ကြေညာခြင်းပြုနိုင်သည်။ နိုင်ငံတော်တွင် အန္တရာယ်ကျရောက်ခြင်းနှင့် အရေးပေါ်အခြေအနေကြေညာခြင်းတို့အား ဥပဒေပြုလွှတ်တော်၏ အကြံဉာဏ်ကို ရယူပြီးနောက် ဝန်ကြီးများကောင်စီ၌ နိုင်ငံတော်သမ္မတက ထုတ်ပြန်ကြေညာရမည်။ အပိုဒ် ၁၀၅ အရ ဥပဒေ ကြမ်းကို နိုင်ငံတော်သမ္မတကဖြစ်စေ၊ လွှတ်တော်ကိုယ်စားလှယ်

များကဖြစ်စေ တင်သွင်းခွင့်ရှိ သည်။ ဥပဒေကြမ်းအား လွှတ်တော်စုံညီအစည်းအဝေးသို့မတင်ပို့မီ သက်ဆိုင်ရာ ဥပဒေကြမ်းစိစစ်ရေးကော်မတီသို့ ပေးပို့စိစစ်စေရမည်။ လွှတ်တော်ကိုယ်စားလှယ်များသည် ပြည်လုံးကျွတ် ဆန္ဒခံယူပွဲသို့ တင်သွင်းရန် မည်သည့်ပြဿနာရပ်ကိုမဆို ကိုယ်စားလှယ်များ၏ ၄ ပုံ ၃ ပုံ ဆန္ဒမဲဖြင့် ဆုံးဖြတ်ခြင်းပြုနိုင်သည်ဟု အပိုဒ် ၁၀၈ တွင်ပြဋ္ဌာန်းထားသည်။ အပိုဒ် ၁၀၉ အရ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ သတ်မှတ်ထားသောစည်းကမ်းချက်များနှင့်အညီ ဥပဒေပြုလွှတ်တော်က ဆန္ဒမဲပေးရမည်။ အောက်တိုဘာလတွင် ကျင်းပမည့်အစည်းအဝေးမတိုင်မီ အနည်းဆုံးတစ်ပတ်အလို၌ ဥပဒေကြမ်းများကို တင်သွင်းရမည်ဖြစ်သည်။ ဥပဒေပြုလွှတ်တော်သည် နိုင်ငံတော်အသုံးစရိတ်များကို လုံလောက်စေရန်အတွက် လိုအပ်သောအခွန်ငွေများနှင့်စပ်လျဉ်းသည့် ဥပဒေကြမ်းကို ပြဋ္ဌာန်းရမည်ဖြစ်သည်။

၁၃။ အပိုဒ် ၁၁၃ အရ အစိုးရအဖွဲ့သည် ၎င်းတို့၏ စီမံခန့်ခွဲမှုများနှင့်ဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြရန် လွှတ်တော်ကတောင်းဆိုလာပါက ထိုသို့ဆောင်ရွက်ရန်တာဝန်ရှိသည်။ ဥပဒေပြုလွှတ်တော်သည် မေးခွန်းများ မေးမြန်းခြင်း၊ စာဖြင့် ရေးသားမေးမြန်းခြင်း၊ ဆွေးနွေး၍ဖြစ်စေ၊ ဆွေးနွေးညှိနှိုင်းမှုမပြုဘဲဖြစ်စေ နှုတ်ဖြင့်မေးခွန်းများမေးမြန်းခြင်းနှင့် ဆန္ဒမဲပေးခြင်း၊ ပါလီမန်က ဖွဲ့စည်းထားသောကော်မတီဖြင့် စုံစမ်းစစ်ဆေးခြင်းတို့ကို ဥပဒေပြုလွှတ်တော်၏ လုပ်ထုံးလုပ်နည်းများအရ သတ်မှတ်ထားသောစည်းကမ်းချက်များနှင့်အညီ ကျင့်သုံးဆောင်ရွက်ရသည်။

## ဖွဲ့စည်းပုံအခြေခံဥပဒေကိုပြင်ဆင်ခြင်း

၁၄။ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရန် ကနဦးအဆိုအား နိုင်ငံတော်သမ္မတနှင့် ဥပဒေပြုလွှတ်တော်ကိုယ်စားလှယ်များက တင်သွင်းခွင့်ရှိသည်။ နိုင်ငံတော်သမ္မတသည် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ခြင်းအဆိုကို မတင်သွင်းမီ ဝန်ကြီးများကောင်စီ၌ အဆုံးအဖြတ်ရယူရမည်ဖြစ်သည်။ ဥပဒေမူကြမ်း သို့မဟုတ် အဆိုအား လွှတ်တော်ကိုယ်စားလှယ်အားလုံး၏ ၄ ပုံ ၃ ပုံ က ဆန္ဒမဲ ပေးရမည်ဖြစ်သည်။ ပြင်ဆင်ချက်မူကြမ်းနှင့်အဆိုအား လွှတ်တော်ကိုယ်စားလှယ်စုစုပေါင်း၏ ၅ ပုံ ၄ ပုံ ကအတည်ပြုခြင်းမရှိလျှင် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲဖြင့်သာ သဘောတူအတည်ပြုရမည်ဖြစ်သည်။

## အုပ်ချုပ်ရေး

၁၄။ အုပ်ချုပ်ရေးနှင့်စပ်လျဉ်း၍ အပိုဒ် ၄၁ မှ ၇၈ အထိ ပြဋ္ဌာန်းထားသည်။ နိုင်ငံတော်သမ္မတသည် နိုင်ငံတော်၏အုပ်ချုပ်ရေးအာဏာကို ကိုင်တွယ်ကျင့်သုံးသည်။ ၎င်းသည် အစိုးရအဖွဲ့အကြီးအကဲဖြစ်သည့်အပြင် လက်နက်ကိုင်တပ်ဖွဲ့အားလုံး၏ အကြီးအကဲလည်းဖြစ်သည်။ နိုင်ငံတော်သမ္မတသည် နိုင်ငံတော်အကြီးအကဲဖြစ်ပြီး များရာဆန္ဒမဲဖြင့် တိုက်ရိုက်ရွေးကောက်တင်မြှောက်

သည်။ သက်တမ်းမှာ ၅ နှစ်ဖြစ်ပြီး နောက်တစ်ကြိမ် ထပ်မံရွေးကောက်ခံပိုင်ခွင့်ရှိသည်။ နိုင်ငံတော်သမ္မတရွေးကောက်ပွဲကို ၂ ကျော့ ကျင်းပရမည်ဖြစ်ပြီး တစ်ညီတစ်ညွတ်တည်း များရာဆန္ဒမဲဖြင့် ရွေးကောက်တင်မြှောက်သည်။ သမ္မတအဖြစ်ရွေးကောက်ခံမည့်သူသည် မွေးဖွားချိန်၌ ဘီနင်းနိုင်ငံသားဖြစ်ရမည် သို့မဟုတ် ဘီနင်းနိုင်ငံ၌ အနည်းဆုံး ၁၀ နှစ် နေထိုင်ပြီးသူ ဖြစ်ရမည်။ ကောင်းမွန်သောအကျင့်စာရိတ္တရှိပြီး ရိုးသားဖြောင့်မတ်ရမည်။ ရွေးကောက်ခံရန် အမည်စာရင်းတင်သွင်းသည့်နေ့၌ အနည်းဆုံး အသက် ၄၀ နှစ်ရှိပြီး အသက် ၇၀ နှစ်ထက်မကြီးသူ ဖြစ်ရမည်။ ရွေးကောက်ပွဲကျင်းပချိန်၌ ဘီနင်းနိုင်ငံ၏နယ်နိမိတ်အတွင်း နေထိုင်သူဖြစ်ရမည်။ ၎င်း၏ အရပ်ဘက်နှင့်နိုင်ငံရေးဆိုင်ရာ အခွင့်အရေးများကို ခံစားခွင့်ရှိသူဖြစ်ရမည်။ ထို့ပြင် စိတ်ပိုင်းဆိုင်ရာနှင့် ရုပ်ပိုင်းဆိုင်ရာကောင်းမွန်မှုအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးက အတည်ပြုသတ်မှတ်ရွေးချယ်ထားသည့် ဆရာဝန် ၃ ဦး ပါဝင်သောအဖွဲ့က နည်းလမ်းတကျထောက်ခံထားသည့် ကျေနပ်ဖွယ်ရာအခြေအနေရှိသူ ဖြစ်ရမည်။

## ဥပဒေများကို ထုတ်ပြန်ကြေညာခြင်း

၁၅။ နိုင်ငံတော်သမ္မတသည် ဥပဒေပြုလွှတ်တော်ဥက္ကဋ္ဌက ပေးပို့လာသည့်ဥပဒေကို ပေးပို့သည့်နေ့၏နောက်နေ့မှစ၍ ၁၅ ရက်အတွင်း ထုတ်ပြန်ပေးရမည်။ အရေးပေါ်အခြေအနေဖြစ်သည်ဟု ဥပဒေပြုလွှတ်တော်ကကြေညာသည့်ကိစ္စဖြစ်လျှင် ၅ ရက်အတွင်း ထုတ်ပြန်ကြေညာရမည်ဖြစ်သည်။ ထုတ်ပြန်ကြေညာမှုမပြုမီ ဥပဒေ သို့မဟုတ် ဥပဒေပါပြဋ္ဌာန်းချက်အချို့ကို နောက်တစ်ကြိမ်ပြန်လည်ဆွေးနွေးရန် ဥပဒေပြုလွှတ်တော်အား နိုင်ငံတော်သမ္မတက တောင်းဆိုပိုင်ခွင့်ရှိသည်။ ထိုသို့တောင်းဆိုလာပါက ဥပဒေပြုလွှတ်တော်က ငြင်းပယ်ခြင်းမပြုရ။ အကယ်၍ ဥပဒေပြုလွှတ်တော်အစည်းအဝေး၏ နောက်ဆုံးအချိန်၌ဖြစ်လျှင် နောက်တစ်ကြိမ်ညှိနှိုင်းဆွေးနွေးခြင်းသည် နောင်လာမည့် ပုံမှန်အစည်းအဝေးကျင်းပချိန်၌ အလိုအလျောက်ညှိနှိုင်းစည်းဝေးရမည်ဖြစ်သည်။ နောက်တစ်ကြိမ် ဆွေးနွေးညှိနှိုင်းခြင်းအတွက် ဆန္ဒမဲပေးရာတွင်မူ ဥပဒေပြုလွှတ်တော်ကိုယ်စားလှယ်အားလုံး၏ များရာဆန္ဒမဲလိုအပ်သည်။ အကယ်၍ နောက်ဆုံးဆန္ဒမဲပေးပြီးနောက် နိုင်ငံတော်သမ္မတက ဥပဒေကို ထုတ်ပြန်ကြေညာရန်ငြင်းပယ်လျှင် ဥပဒေပြုလွှတ်တော်ဥက္ကဋ္ဌသည် အဆိုပါဥပဒေကို ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးသို့ တင်သွင်းရမည်ဖြစ်ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ညီညွတ်လျှင် အဆိုပါဥပဒေအာဏာသက်ဝင်ကြောင်း ဥပဒေပြုလွှတ်တော်ဥက္ကဋ္ဌက ကြေညာရမည်ဖြစ်သည်။

၁၆။ “ဥပဒေပြုလွှတ်တော်ကအစိုးရအဖွဲ့၏ လုပ်ငန်းဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ မေးမြန်းသောမေးခွန်းများကို နိုင်ငံတော်သမ္မတက ရက်ပေါင်း ၃၀ အတွင်း တစ်စုံတစ်ရာဖြေကြားခြင်း

မပြုလျှင် ဤအခြင်းအရာသည် ဥပဒေပြုလွှတ်တော်အား ထိပါးစော်ကားခြင်းပင်ဖြစ်သည်” ဟု ဖွဲ့စည်းပုံအခြေခံဥပဒေ အပိုဒ် ၇၃ မှ ၇၆ အထိတွင် ပြဋ္ဌာန်းထားသည်။

**တရားစီရင်ရေး**

၁၇။ တရားစီရင်ရေးအာဏာကို

- ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး
- တရားလွှတ်တော်ချုပ်
- တရားလွှတ်တော်
- အယူခံတရားရုံး
- လက်အောက်ခံတရားရုံးများ
- အရေးပါသည့် နိုင်ငံတော်အဖွဲ့အစည်းများ၏ သဏ္ဍာန်ဆောင်တရားစီရင်ရေးအဖွဲ့များဖြင့် ခွဲဝေကျင့်သုံးပြီး ဥပဒေပြုရေးနှင့်အုပ်ချုပ်ရေးအာဏာတို့မှ လွတ်လပ်စွာရှိရမည်ဖြစ်သည်။

**တရားလွှတ်တော်ချုပ်**

၁၈။ တရားလွှတ်တော်ချုပ်သည် စီမံခန့်ခွဲရေး၊တရားစီရင်ရေးကိစ္စများနှင့် နိုင်ငံတော်၏ စာရင်းအင်းဆိုင်ရာစီမံခန့်ခွဲမှုတို့တွင် အမြင့်ဆုံးဖြစ်သည်။ ဒေသန္တရရွေးကောက်ပွဲများတွင် အငြင်းပွားသော ကိစ္စရပ်များနှင့်စပ်လျဉ်း၍ တရားလွှတ်တော်ချုပ်တွင် စီရင်ပိုင်ခွင့်အာဏာရှိပြီး ၎င်း၏ဆုံးဖြတ်ချက်အားအယူခံဝင်ခွင့်မရှိပါ။ စီမံခန့်ခွဲရေးနှင့် တရားစီရင်ရေးဆိုင်ရာကိစ္စအားလုံးတွင် အစိုးရသည် တရားလွှတ်တော်ချုပ်အား ညှိနှိုင်းတိုင်ပင်ရမည်ဖြစ်သည်။ ဥပဒေပြုခြင်းနှင့် စည်းမျဉ်းစည်းကမ်းဆိုင်ရာ ပြဋ္ဌာန်းချက်အားလုံးကို ဥပဒေပြုလွှတ်တော်က မစစ်ဆေးမီ နိုင်ငံတော်အကြီးအကဲက တောင်းဆိုသည့်အခါ စိစစ်ရန်တရားလွှတ်တော်ချုပ်၌ တာဝန်ရှိသည်။[၁]

၁၉။ တရားလွှတ်တော်ချုပ်ဥက္ကဋ္ဌအား ပညာရပ်ဆိုင်ရာအတွေ့အကြုံ အနည်းဆုံး ၁၅ နှစ်ရှိသည့် ရာဇဝတ်တရားသူကြီးများနှင့် ဥပဒေပညာရှင်များထဲမှ ရွေးချယ်ခန့်အပ်သည်။ ထိုသို့ခန့်အပ်ရာတွင် ဥပဒေပြုလွှတ်တော်ဥက္ကဋ္ဌ၏အကြံပြုချက်နှင့် ဝန်ကြီးများကောင်စီကထုတ်ပြန်သော ကြေညာချက်တို့အရ နိုင်ငံတော်သမ္မတက ၅ နှစ် သက်တမ်းအတွက် ခန့်အပ်ခြင်းဖြစ်ပြီး နောက်

---

[၁] ။ Article 132: It may, at the demand of the Chief of State, be charged with the drafting and the modification of all legislative and regulatory texts prior to their examination by the National Assembly.

တစ်ကြိမ်ထပ်မံ ရွေးချယ်ခန့်အပ်ခံပိုင်ခွင့် ရှိသည်။ သက်တမ်းကာလအတွင်း ၎င်းအား ဖယ်ရှားခြင်း မပြုနိုင်ပါ။

## တရားလွှတ်တော်

၂၀။ တရားလွှတ်တော်ကို ဖွဲ့စည်းပုံအခြေခံဥပဒေတရားရုံးဥက္ကဋ္ဌမှတစ်ပါး ကျန်အဖွဲ့ဝင်များဖြင့် ဖွဲ့စည်းထားပြီး ထိုခြောက်ဦးကို ဥပဒေပြုလွှတ်တော်နှင့် တရားလွှတ်တော်ချုပ်ဥက္ကဋ္ဌတို့က ရွေးချယ်ခန့်အပ်သည်။ [၂] တရားလွှတ်တော်ဥက္ကဋ္ဌအား တရားလွှတ်တော်အဖွဲ့ဝင်များက ၎င်းတို့ထဲမှ ရွေးချယ်တင်မြှောက်သည်။ နိုင်ငံတော်သစ္စာဖောက်ဖျက်ပုန်ကန်မှု၊ လုပ်ငန်းဆောင်ရွက်ရာ၌ဖြစ်စေ၊ တာဝန်ဝတ္တရားများကိုထမ်းဆောင်ရာ၌ဖြစ်စေ စည်းမျဉ်းစည်းကမ်းများကို ချိုးဖောက်ခြင်း၊ နိုင်ငံတော်လုံခြုံရေးကိုထိခိုက်ရန် ကြံစည်သည့်ကိစ္စတွင် ပူးပေါင်းပါဝင်ခြင်းတို့ကို နိုင်ငံတော်သမ္မတနှင့် အစိုးရအဖွဲ့ဝင်များက ကျူးလွန်သည့်ကိစ္စအား တရားလွှတ်တော်က စစ်ဆေးစီရင်ပိုင်ခွင့် ရှိသည်။ ထိုသို့ချိုးဖောက်မှုများအပေါ် ဆုံးဖြတ်ချက်များ၊ ဆုံးဖြတ်ချက်ချမှတ်စဉ် တည်ဆဲပြစ်မှုဆိုင်ရာဥပဒေအရ ပြစ်ဒဏ်သတ်မှတ်ချက်များနှင့်စပ်လျဉ်း၍ တရားလွှတ်တော်က တာဝန်ခံရမည်ဖြစ်သည်။ အဆိုပါကိစ္စရပ်များမှလွဲ၍ လုပ်ငန်းတာဝန်နှင့် မသက်ဆိုင်သော အခြားချိုးဖောက်မှုများကို ကျူးလွန်ခြင်းအတွက် ပုံမှန်တရားရုံးများတွင် စီရင်ပိုင်ခွင့်ရှိသည်။

၂၁။ နိုင်ငံတော်သမ္မတနှင့်အစိုးရအဖွဲ့ဝင်များအား စွဲချက်တင်ပြီးနောက် တရားစွဲဆိုရန်ချမှတ်သောဆုံးဖြတ်ချက်ကို ဥပဒေပြုလွှတ်တော်က ၎င်းတို့၏လုပ်ထုံးလုပ်နည်းများနှင့်အညီ ကိုယ်စားလှယ်အားလုံး၏ ၃ ပုံ ၂ ပုံ ဆန္ဒမဲဖြင့် ဆုံးဖြတ်ရမည်ဖြစ်သည်။ စုံစမ်းစစ်ဆေးခြင်းကို ဥပဒေပြုလွှတ်တော် ရုံးထိုင်သည့်နေရာအတွက် စီရင်ပိုင်ခွင့်ရှိသော အယူခံတရားရုံး the Chamber d' Accusation မှ ရာဇဝတ်တရားသူကြီးများက ဆောင်ရွက်ရမည်ဖြစ်သည်။

---

[၂] ။ Article 135:The High Court of Justice shall be composed of members of the Constitutional Court, with the exception of its President, and of six Deputies elected by the National Assembly and by the President of the Supreme Court.




## ဘီနင်းသမ္မတနိုင်ငံ၏တရားလွှတ်တော်

**အယူခံတရားရုံး**

၂၂။ အယူခံတရားရုံးသည် ဘီနင်းသမ္မတနိုင်ငံ၏မြို့ကြီးဖြစ်သော Cotonou မြို့တွင်တည်ရှိပြီး ဒုတိယအဆင့်စီရင်ပိုင်ခွင့်ရှိခြင်းနှင့်ညီမျှသည်။ ၎င်းတွင် ဥက္ကဋ္ဌတစ်ဦး၊ ဥပဒေအကြံပေးများ၊ အစိုးရရှေ့နေများ၊ တရားရုံးစာရေးများနှင့် လက်ထောက်ခရိုင်ရှေ့နေများဖြင့် ဖွဲ့စည်းထားသည်။ အယူခံတရားရုံးတွင် ရုံးခန်း ၄ ခုရှိပြီး ၎င်းတို့မှာ Assize Court, the Correctional Chamber, the Civil and Commercial Chamber နှင့် the Traditional Chamber တို့ဖြစ်ကြသည်။ ထို့ပြင် တရားစီရင်ရေးနှင့်ဆိုင်သောစီရင်စု ၆ ခု ရှိပြီး ၎င်းတို့တွင် မူလတရားရုံးများအသီးသီးရှိကြ၍ Traditional People's Chamber လည်းပါဝင်သည်။ အဆိုပါရုံးသည် မိသားစုနှင့် ပုဂ္ဂိုလ်ရေးဆိုင်ရာ ဥစ္စာပစ္စည်းပိုင်ဆိုင်မှုကိစ္စရပ်များတွင် အတည်ပြုထားသောစီရင်ချက်များကို ကြေညာနိုင်သည်။ ၁၉၆၄ ခုနှစ်တွင် ဓလေ့ထုံးတမ်းဆိုင်ရာ တရားရုံးများဖျက်သိမ်းစဉ် ထိုလုပ်ငန်းတာဝန်များကို ဖြည့်ဆည်းဆောင်ရွက်ရန် အဆိုပါ Traditional Chamber သည် ဆက်လက် တည်ရှိခဲ့သည်။ [၃]

---

၃ ။ The Court of Appeal is located in Cotonou and constitutes the second level of jurisdiction .It is composed of a president, legal advisers, public prosecutors, court clerks, and assistant district attorneys.The Court of Appeal has four chambers: the Assize Court, the Correctional Chamber, the Civil and Commercial Chamber, and the Traditional Chamber. There are courts of first instance in each of the six judicial districts. They include the Traditional Peoples' Chamber, which can hand down executory judgements in family and personal property

## ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး

၂၃။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးသည် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ နိုင်ငံတော်တွင် အမြင့်ဆုံးစီရင်ပိုင်ခွင့်ရှိသည့်တရားရုံးဖြစ်သည်။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးသည်ဥပဒေများကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်မှု ရှိမရှိ စစ်ဆေးစီရင်ရမည်ဖြစ်သည့်အပြင် အခြေခံလူ့အခွင့်အရေးများနှင့် အများပြည်သူဆိုင်ရာ လွတ်လပ်မှုကို အာမခံရမည် ဖြစ်သည်။ ထို့ပြင် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးသည် အသင်းအဖွဲ့များ၏ လုပ်ငန်းဆောင်ရွက်မှုများ၊ အစိုးရအာဏာပိုင်များ၏ ဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ စည်းကမ်းထိန်းသိမ်းရေးဆိုင်ရာအဖွဲ့အစည်းလည်း ဖြစ်သည်။

၂၄။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး၏ ရုံးဖွဲ့စည်းပုံနှင့်လုပ်ငန်းဆောင်ရွက်ခြင်းများ၊ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးရှေ့မှောက်၌ လိုက်နာရမည့်လုပ်ထုံးလုပ်နည်းများ၊ အထူးသဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးသို့ တင်သွင်းလာသောအယူခံမှုများအတွက် အချိန်ကာလသတ်မှတ်ခြင်းများ၊ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၏ ကင်းလွတ်ခွင့်များနှင့် လိုက်နာဆောင်ရွက်ရမည့် စည်းမျဉ်းစည်းကမ်းများကို ဥပဒေဖြင့် သတ်မှတ်ပြဋ္ဌာန်းရမည် ဖြစ်သည်။

## ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးဖွဲ့စည်းခြင်း

၂၅။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးကို **အဖွဲ့ဝင် ၇ ဦးဖြင့် ဖွဲ့စည်းထားပြီး** ၎င်းတို့အနက် ၄ ဦးကို ဥပဒေပြုလွှတ်တော်က ခန့်အပ်၍ ၃ ဦးကို နိုင်ငံတော်သမ္မတက ခန့်အပ်သည်။[၄] အဖွဲ့ဝင် ၇ ဦးအနက် ၃ ဦးမှာ သက်ဆိုင်ရာပညာရပ်နယ်ပယ်တွင် အနည်းဆုံး ၁၅ နှစ်အတွေ့အကြုံရှိရမည်ဖြစ်ပြီး ၎င်းတို့အနက် ၂ ဦးကို ဥပဒေပြုလွှတ်တော်ကခန့်အပ်၍ ကျန် ၁ ဦးကို နိုင်ငံတော်သမ္မတက ခန့်အပ်သည်။ ၇ ဦးအနက် ၂ ဦးသည် မြင့်မားသောအဆင့်ရှိ တရားသူကြီးများဖြစ်ပြီး ပါမောက္ခ သို့မဟုတ် ၁၅ နှစ်အတွေ့အကြုံရှိသည့်ရှေ့နေများဖြစ်၍ ဥပဒေပြုလွှတ်တော်နှင့်နိုင်ငံတော်သမ္မတတို့က တစ်ဦးစီ ခန့်အပ်ကြသည်။ ၇ ဦးအနက် ကျန် ၂ ဦးသည် ပညာရပ်ဆိုင်ရာ ကြီးမားသည့်ဂုဏ်သတင်းရှိသူဖြစ်ပြီး ဥပဒေပြုလွှတ်တော်နှင့်နိုင်ငံတော်သမ္မတတို့ကပင် တစ်ဦးစီခန့်အပ်ကြောင်း တွေ့ရှိရပါသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံးအဖွဲ့ဝင်တစ်ဦး

---

matters, and the Traditional Chamber for Property Matters, which can hand down executory judgements in real estate matters. While customary law courts were abolished in 1964, lay tribunals still exist to fulfill many of their functions.

[၄] ။ Article 115:The Constitutional Court shall be composed of seven members, four of whom shall be appointed by the Office of the National Assembly and three by the President of the Republic.

ဖြစ်ရန် ပညာရပ်ဆိုင်ရာ အရည်အချင်းသတ်မှတ်ချက်အပြင် ကောင်းမွန်သောကိုယ်ကျင့်တရားနှင့် ရိုးသားဖြောင့်မတ်ခြင်းလည်းရှိရမည် ဖြစ်သည်။

## ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးဥက္ကဋ္ဌ၊ အဖွဲ့ဝင်များနှင့်သက်တမ်း

၂၆။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးဥက္ကဋ္ဌကို ဥက္ကဋ္ဌအရည်အချင်းအဆင့်အတန်းနှင့် တူညီသော ရာဇဝတ်တရားသူကြီးများနှင့် တရားရုံး၏တရားသူကြီးအဖွဲ့ဝင်များထဲမှ ရွေးချယ်တင်မြှောက်သည်။[၅] ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၏ သက်တမ်းမှာ ၅ နှစ်ဖြစ်၍ နောက်ထပ်တစ်ကြိမ်သာ ထပ်မံထမ်းဆောင်နိုင်ခွင့်ရှိပြီး မည်သူမျှ ၁၀ နှစ်ထက်ပို၍ တာဝန်ထမ်းဆောင်ခွင့်မရှိပါ။

၂၇။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးအဖွဲ့ဝင်များအား ၎င်းတို့၏ သက်တမ်းကာလအတွင်းထုတ်ပယ်ခြင်းမပြုရပါ။ ပြစ်မှုထင်ရှားကျူးလွန်ခြင်းမှတစ်ပါး ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံးနှင့် တရားလွှတ်တော်ချုပ်တို့၏တွဲဖက်အစည်းအဝေးအရ ခွင့်ပြုချက်မရရှိဘဲ ၎င်းတို့အား တရားစွဲဆိုခြင်း၊ ဖမ်းဆီးခြင်းတို့ မပြုလုပ်နိုင်ပါ။ ထိုသို့စွဲဆိုဖမ်းဆီးရာတွင် အချင်းဖြစ်ကိစ္စကို ၄၈ နာရီအတွင်း နောက်ဆုံးထား၍ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံးဥက္ကဋ္ဌနှင့် တရားလွှတ်တော်ချုပ်ဥက္ကဋ္ဌတို့ထံ ပေးပို့တင်ပြရမည်ဖြစ်ပါသည်။

၂၈။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးအဖွဲ့ဝင်တစ်ဦးသည် အစိုးရအဖွဲ့ဝင်ရာထူးနေရာတွင် လုပ်ကိုင်ဆောင်ရွက်ခြင်း၊ ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာလုပ်ပိုင်ခွင့်တစ်ခုခုကို ကျင့်သုံးဆောင်ရွက်ခြင်း၊ အခြားအရပ်ဘက် သို့မဟုတ် စစ်ဘက်ဆိုင်ရာအလုပ်အကိုင်များကို လုပ်ကိုင်ခြင်း၊ အခြားအသက်မွေးဝမ်းကျောင်းမှုအလုပ်အကိုင်များကိုလုပ်ကိုင်ခြင်း၊ **နိုင်ငံတော်သမ္မတနေရာ ယာယီလစ်လပ်ခြင်းကြောင့် နိုင်ငံတော်သမ္မတ၏လုပ်ငန်းတာဝန်များကို ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးဥက္ကဋ္ဌအနေဖြင့် ထိုသို့လစ်လပ်သည့်အချိန်အတွင်း တာဝန်ယူဆောင်ရွက်ရသည့်** ကိစ္စမှတစ်ပါး နိုင်ငံတော်ကိုကိုယ်စားပြုသည့်ရာထူးတစ်ခုခုတွင် လုပ်ကိုင်ဆောင်ရွက်ခြင်းတို့ မပြုလုပ်ရပါ။

## ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး၏ လုပ်ငန်းတာဝန်များ

၂၉။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး၏လုပ်ငန်းတာဝန်များမှာ-

(၁) ဥပဒေများကိုထုတ်ပြန်ပြဋ္ဌာန်းခြင်းမပြုမီ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်မှုရှိမရှိ စစ်ဆေးအမိန့်ချမှတ်ခြင်း၊

---

[၅] ။ Article 116 : The President of the Constitutional Court shall be elected by his peers among the magistrates and the jurists members of the Court for a term of five years.

(၂) ဥပဒေပြုလွှတ်တော်၊ ရပ်မြင်သံကြားနှင့်ဆက်သွယ်ရေးဆိုင်ရာ အဆင့်မြင့်အာဏာပိုင်အဖွဲ့၊ စီးပွားရေးနှင့်လူမှုရေးကောင်စီ တို့၏ လုပ်ထုံးလုပ်နည်းဆိုင်ရာနည်းဥပဒေများကို အာဏာသက်ဝင်ခြင်းမပြုမီ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်မှုရှိမရှိ စစ်ဆေးအမိန့်ချမှတ်ခြင်း၊

(၃) အခြေခံလူ့အခွင့်အရေးများ၊ အများပြည်သူလွတ်လပ်ခွင့်များကို ချိုးဖောက်သည့်-တစ်ဦးချင်းဆိုင်ရာ အခွင့်အရေးများကိုထိပါးသည့် ဥပဒေများနှင့်စည်းမျဉ်းစည်းကမ်းများသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်မှုရှိမရှိစစ်ဆေးအမိန့်ချမှတ်ခြင်း၊

(၄) နိုင်ငံတော်၏အဖွဲ့အစည်းများအကြား လုပ်ပိုင်ခွင့်ဆိုင်ရာအငြင်းပွားမှုများကို စစ်ဆေး အမိန့်ချမှတ်ခြင်း၊

(၅) နိုင်ငံတော်သမ္မတရွေးကောက်ပွဲများကို ကြီးကြပ်ခြင်း၊ ကန့်ကွက်ချက်များကို စစ်ဆေးခြင်း၊ ကြီးကြပ်ရာ၌ ၎င်းကိုယ်တိုင်တွေ့ရှိရသော ရွေးကောက်ပွဲဆိုင်ရာနည်းလမ်းမကျမှုတို့ကို စစ်ဆေးအမိန့်ချမှတ်ခြင်း၊ ဆန္ဒမဲရလဒ်များကိုထုတ်ပြန်ကြေညာခြင်း၊ ရွေးကောက်ပွဲနည်းလမ်းတကျဖြစ်ရန်စစ်ဆေးဆောင်ရွက်ခြင်းနှင့် ရလဒ်များကို ထုတ်ပြန်ကြေညာခြင်း၊

(၆) ဥပဒေပြုလွှတ်တော်ကိုယ်စားလှယ်များ ရွေးကောက်တင်မြှောက်ရာ၌ အငြင်းပွားသည့်ကိစ္စများကို စစ်ဆေးအမိန့်ချမှတ်ခြင်းတို့ ဖြစ်သည်။

**ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးသို့ တင်သွင်းခွင့်ရှိသူများ**

၃၀။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးသို့ တင်သွင်းခွင့်ရှိသူများမှာ-

(က) နိုင်ငံတော်သမ္မတ

(ခ) ဥပဒေပြုလွှတ်တော်ကိုယ်စားလှယ်များ

(ဂ) ရုပ်မြင်သံကြားနှင့်ဆက်သွယ်ရေးဆိုင်ရာ အဆင့်မြင့်အာဏာပိုင်အဖွဲ့

(ဃ) စီးပွားရေးနှင့်လူမှုရေးကောင်စီ

(င) နိုင်ငံသားများ ဖြစ်ကြပါသည်။

**နိုင်ငံတော်သမ္မတနှင့်ပတ်သက်သည့် ဆောင်ရွက်ချက်များ**

၃၁။ ထို့ပြင် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးသည် နိုင်ငံတော်သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ကြောင်း ယာယီကြေညာချက်ပြုထားသည့် ၅ ရက်ကာလအတွင်း ရွေးကောက်ပွဲ

တရားဝင်ခြင်းမရှိကြောင်း ကိုယ်စားလှယ်လောင်းတစ်ဦးက တင်သွင်းခြင်းမပြုလျှင် ကြေညာချက် အတည်ဖြစ်သည်ဟု အပြီးသတ်ကြေညာပေးရမည်ဖြစ်သည်။ အငြင်းပွားမှုတင်သွင်းခြင်းပြုခဲ့လျှင် ယာယီကြေညာချက်ပြုပြီး ၁၀ ရက်အတွင်း အဆုံးအဖြတ်ပေးရမည်ဖြစ်ပြီး ထိုဆုံးဖြတ်ချက်သည် အပြီးသတ်အတည်ဖြစ်သည်။ နိုင်ငံတော်သမ္မတ သေဆုံးခြင်း၊ နုတ်ထွက်ခြင်း၊ အမြဲမသန်မစွမ်း ဖြစ်ခြင်းတို့ကြောင့် သမ္မတနေရာလစ်လပ်ပါက ဥပဒေပြုလွှတ်တော်သည် အဆိုပါကိစ္စကို ဖွဲ့စည်း ပုံအခြေခံဥပဒေဆိုင်ရာတရားရုံးသို့ လွှဲအပ်တင်ပို့ပေးရပြီး ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး က ထိုသို့လစ်လပ်သည်မှာ မှန်ကန်ကြောင်း တရားဝင်ထုတ်ပြန်ပေးရမည်ဖြစ်သည်။

## လူ့အခွင့်အရေးများကို ချိုးဖောက်သည့်ကိစ္စရပ်များနှင့် စပ်လျဉ်းသော ဆောင်ရွက်ချက်များ

၃၂။ လူ့အခွင့်အရေးများနှင့်အများပြည်သူဆိုင်ရာလွတ်လပ်ခွင့်များကို ချိုးဖောက်သည့် တိုင် တန်းချက်များ သို့မဟုတ် ဥပဒေကြမ်းပါပြဋ္ဌာန်းချက်များကို အဆိုပါကိစ္စရပ်များ ပြုလုပ်ပြီးသည့် နေ့၏နောက်နေ့မှစ၍ ၁၅ ရက်အတွင်း စစ်ဆေးဆုံးဖြတ်ပေးရသည်။ သို့ရာတွင် အစိုးရအဖွဲ့က တောင်းဆိုခြင်းဖြစ်ပြီး အရေးပေါ်ကိစ္စရပ်ဖြစ်ပါက ၈ ရက်အတွင်းဆောင်ရွက်ပေးရမည်ဖြစ်သည်။ အဆိုပါကိစ္စရပ်တွင် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးသို့ တင်သွင်းသောအကြောင်းအရာ နှင့်စပ်လျဉ်းသည့်ဥပဒေအား ထုတ်ပြန်ကြေညာရန်အတွက် နောက်ဆုံးနေ့ရက်ကို ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာတရားရုံးက ဆိုင်းငံ့ထားရမည်ဖြစ်သည်။

## ဥပဒေများအား ထုတ်ပြန်ကြေညာခြင်းမပြုမီ ဆောင်ရွက်ချက်များ

၃၃။ ဥပဒေများအား ထုတ်ပြန်ကြေညာခြင်းမပြုမီ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ညီညွတ်မှုရှိမရှိ ထင်မြင်ချက်သဘောထားပေးရန် နိုင်ငံတော်သမ္မတကဖြစ်စေ၊ ဥပဒေပြုလွှတ်တော်ကိုယ်စားလှယ် တစ်ဦးဦးကဖြစ်စေ တောင်းဆိုသည့်အခါ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးသည် ၎င်း၏ထင် မြင်ချက်သဘောထားကို ပေးပို့ရမည်ဖြစ်သည်။ အခြေခံလူ့အခွင့်အရေးများနှင့် အများပြည်သူ ဆိုင်ရာလွတ်လပ်ခွင့်များကို ချိုးဖောက်သည်ဟု ထင်မြင်ယူဆရသော ဥပဒေများနှင့် စည်းမျဉ်း စည်းကမ်းဆိုင်ရာပြဋ္ဌာန်းချက်များသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ညီညွတ်မှုရှိမရှိနှင့် စပ်လျဉ်း၍မူ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးသည် မိမိအလိုအလျောက် ထင်မြင်ချက်ပေးရမည်ဖြစ် သည်။ တစ်ဦးချင်းဆိုင်ရာအခွင့်အရေးများကို ထိပါးချိုးဖောက်သည့်ကိစ္စတွင် သာမန်ထက်ပို၍ အလေးထားကာ ၈ ရက်အတွင်း ဆုံးဖြတ်ချက်ချမှတ်ပေးရမည်ဖြစ်သည်။

၃၄။ မည်သည့်နိုင်ငံသားမဆို တရားရုံးတစ်ရုံး၏ရှေ့မှောက်ရှိ ၎င်း၏ကိစ္စရပ်နှင့်စပ်လျဉ်းသည့် ဥပဒေများ၊ လုပ်ထုံးလုပ်နည်းများသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်မှုရှိမရှိ ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာတရားရုံးသို့ တင်သွင်းနိုင်ပြီး ထိုသို့တင်သွင်းလာသည့်အခါ ဖွဲ့စည်းပုံအခြေခံ

ဥပဒေဆိုင်ရာတရားရုံးက ရက်ပေါင်း ၃၀ အတွင်းဆုံးဖြတ်ပေးရမည့်အပြင် ဆုံးဖြတ်ချက် ချမှတ်သည့်နေ့အထိ အဆိုပါကိစ္စအား စစ်ဆေးစီရင်ခြင်းကို ထိုတရားရုံးက ရပ်ဆိုင်းထားရမည်ဖြစ်သည်။

၃၅။ ဥပဒေပြုလွှတ်တော်၊ ရပ်မြင်သံကြားနှင့်ဆက်သွယ်ရေးဆိုင်ရာ အဆင့်မြင့်အာဏာပိုင်အဖွဲ့၊ စီးပွားရေးနှင့်လူမှုရေးကောင်စီတို့သည် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပြဋ္ဌာန်းသောဥပဒေများနှင့် သက်ဆိုင်သော လုပ်ထုံးလုပ်နည်းများအား ထုတ်ပြန်ပြဋ္ဌာန်းခြင်းမပြုမီ ဖွဲ့စည်းပုံအခြေခံ ဥပဒေဆိုင်ရာတရားရုံးသို့ တင်သွင်းရမည်ဖြစ်ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးက ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်မှုရှိမရှိ ဆုံးဖြတ်ချက်ကို ပြန်လည်ပေးပို့ရမည်ဖြစ်သည်။

**စာချုပ်များ၊ အပြည်ပြည်ဆိုင်ရာသဘောတူညီချက်များနှင့်စပ်လျဉ်းသည့် ဆောင်ရွက်ချက်**

၃၆။ နိုင်ငံတော်သမ္မတသည် စာချုပ်များနှင့်အပြည်ပြည်ဆိုင်ရာသဘောတူညီချက်များကို ညှိနှိုင်း အတည်ပြုရသည်။ နိုင်ငံတော်၏ ဘဏ္ဍာရေးကိစ္စများနှင့်အကျုံးဝင်သော၊ နိုင်ငံ၏ပြည်တွင်းဥပဒေများဖြင့် အတည်ပြုပြဋ္ဌာန်းရသော၊ နိုင်ငံတော်၏နယ်နိမိတ်ကို လွှဲပြောင်းခြင်း၊ အလဲအလှယ်ပြုခြင်း သို့မဟုတ် ထပ်မံတိုးချဲ့ခြင်းများကို ခွင့်ပြုပေးရမည့် ငြိမ်းချမ်းရေးစာချုပ်များ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့်စပ်လျဉ်းသည့် စာချုပ်များ၊ သဘောတူညီချက်များအား ဥပဒေနှင့်အညီသာလျှင် အတည်ပြုပြဋ္ဌာန်းနိုင်သည်။ နိုင်ငံတော်၏ပိုင်နက်နယ်မြေနှင့်စပ်လျဉ်း၍ အကျိုးသက်ဆိုင်သည့်သူများ၏ သဘောတူညီချက်မရရှိဘဲ လွှဲပြောင်း၊ လဲလှယ်၊ ထပ်မံတိုးချဲ့ခြင်း ပြုပါက တရားမဝင် ပျက်ပြယ်သည်။ နိုင်ငံတော်သမ္မတကဖြစ်စေ၊ ဥပဒေပြုလွှတ်တော်ဥက္ကဋ္ဌကဖြစ်စေ တင်သွင်းသော နိုင်ငံတကာ သဘောတူညီချက်ပါ စာပိုဒ်တစ်ခုသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ဆန့်ကျင်နေသော်လည်း ဘီနင်းသမ္မတနိုင်ငံက လိုက်နာရန်တာဝန်ရှိသည်ဟု ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးက ဆုံးဖြတ်ခဲ့လျှင် ထိုကိစ္စရပ်ကို အတည်ပြုခွင့်သည် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ပြီးမှသာလျှင် အသက်ဝင်နိုင်မည်ဖြစ်ကြောင်း တွေ့ရှိရပါသည်။

**ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး၏ ဆုံးဖြတ်ချက်**

၃၇။ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ညီညွတ်မှုမရှိကြောင်း ကြေညာထားသော ပြဋ္ဌာန်းချက်တစ်ရပ်အား ထုတ်ပြန်ကြေညာခြင်း သို့မဟုတ် အာဏာတည်စေခြင်းတို့ မပြုလုပ်နိုင်ပါ။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး၏ ဆုံးဖြတ်ချက်အပေါ် အယူခံတက်ရောက်ခွင့်မရှိပါ။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး၏ဆုံးဖြတ်ချက်များအား အစိုးရအာဏာပိုင်အဖွဲ့များ၊ အရပ်ဘက်-စစ်ဘက်နှင့် တရားစီရင်ရေးဆိုင်ရာ အာဏာပိုင်အဖွဲ့များက မလိုက်နာလျှင်မနေရ ၊ လိုက်နာရန် တာဝန်ရှိသည်။

**ဘီနင်းနိုင်ငံသားက ဘီနင်းနိုင်ငံအပေါ် အာဖရိကတရားရုံး(ACHPR)၌ စွဲဆိုခဲ့သောအမှု**
**Houngue Éric Noudehouenou v. Republic of Benin**

၃၈။ ဤအမှုမှာ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးက ဆုံးဖြတ်ခဲ့သောအမှု မဟုတ်သော်လည်း ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ခြင်းနှင့်သက်ဆိုင်သည့်အတွက် ဗဟုသုတအလို့ငှာ လေ့လာတင်ပြထားခြင်း ဖြစ်ပါသည်။ ယခုအမှုသည် ဘီနင်းနိုင်ငံသားဖြစ်သူ မစ္စတာဟွေ့ဂမ်းက ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းနှင့် အာဖရိကပဋိညာဉ်စာတမ်းများကပေးအပ်ထားသော ၎င်း၏အခွင့်အရေးများကို ချိုးဖောက်သည်ဟုဆိုကာ ဘီနင်းနိုင်ငံအပေါ် အာဖရိကတရားရုံး(ACHPR)၌ စွဲဆိုခဲ့သောအမှုဖြစ်ပြီး ဤအမှု၏ ဆုံးဖြတ်ချက်အရ ဘီနင်းသမ္မတနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ချက်များကို အစီအရီ ဖြစ်စေခဲ့သည့်အပြင် ဘီနင်းသမ္မတနိုင်ငံ၏ ရွေးကောက်ပွဲဆိုင်ရာ ဥပဒေကိုလည်း ပြောင်းလဲစေခဲ့ပါသည်။

၃၉။ မစ္စတာဟွေ့ဂမ်းက တင်ပြသည်မှာ ၂၀၂၁ ခုနှစ်တွင် ကျင်းပတော့မည်ဖြစ်သည့် နိုင်ငံတော်သမ္မတရွေးကောက်ပွဲ၌ ၎င်း၏လွတ်လပ်စွာ ထုတ်ဖော်ခွင့် နှင့် လွတ်လပ်စွာအသင်းအဖွဲ့ ဖွဲ့စည်းခွင့်များအပြင်တစ်သီးပုဂ္ဂလကိုယ်စားလှယ်လောင်းအဖြစ် ဝင်ရောက်ရွေးကောက်ခံရန်အတွက် ၎င်း၏အခွင့်အရေးကို အခြေခံဥပဒေပြင်ဆင်ရာမှ ဖြစ်ပေါ်လာသောရလဒ်များက ချိုးဖောက်ခဲ့သည်ဟူ၍ ဖြစ်သည်။

၄၀။ ဘီနင်းသမ္မတနိုင်ငံသည် အာဖရိကတွင် ပါတီစုံဒီမိုကရေစီစနစ်ရွေးကောက်ပွဲကို စတင်မိတ်ဆက်ပေးခဲ့သည့် ပထမဆုံးသောနိုင်ငံဖြစ်သည်။ သို့ရာတွင် သမ္မတထဲလ်လမ် အာဏာရယူခဲ့သည့် ၂၀၁၆ ခုနှစ်မှစတင်ပြီး ဘီနင်းနိုင်ငံ၏ ရွေးကောက်ပွဲဆိုင်ရာအခြေအနေနှင့် ဒီမိုကရေစီအင်အားစုများ ဟန်ချက်မညီဖြစ်ခဲ့ရသည်။ သမ္မတထဲလ်လမ်၏ စောင့်ကြည့်မှုအောက်တွင် ကန့်သတ်ချုပ်ခြယ်ထားသည့် လွတ်လပ်စွာပြောဆိုခွင့်နှင့် ယခင်သမ္မတဟောင်း သောမတ်စ် ဘိုနီရေရီအားဖမ်းဆီးထိန်းသိမ်းမှုအပါအဝင် နိုင်ငံရေးပြိုင်ဘက်များအား ခြိမ်းခြောက်မှုများ တိုးမြင့်လာခဲ့သည်။

၄၁။ ၂၀၁၈ ခုနှစ်တွင် ယခုအမှုမှ မစ္စတာဟွေ့ဂမ်းအား အစိုးရရန်ပုံငွေများအလွဲသုံးစားပြုမှုနှင့် ဖမ်းဆီးထိန်းသိမ်း၍ တရားစွဲဆိုခဲ့သည်။ ၂၀၁၉ ခုနှစ်တွင် ဘီနင်းနိုင်ငံမှ စီးပွားရေးပြစ်မှုများနှင့် အကြမ်းဖက်မှုများနှိမ်နင်းရေးဆိုင်ရာတရားရုံး (CRIET )၏ စုံစမ်းရေးကော်မတီက ၎င်းအား ရာထူးနေရာ အလွဲသုံးစားပြုရာတွင် ပူးပေါင်းကြံစည်မှုဖြင့်စွဲချက်တင်၍ ထိုတရားရုံး၏ပြစ်ဒဏ်ပေးရေးဆိုင်ရာ ချိန်ဘာသို့ လွှဲအပ်တင်ပို့ခဲ့ပြီးနောက် ပြစ်မှုထင်ရှားသည်ဆိုကာ ထောင်ဒဏ် ၁၀ နှစ် ချမှတ်ခဲ့သည်။ အဆိုပါဖြစ်ရပ်သည် CRIET အနေဖြင့် ဘီနင်းနိုင်ငံရှိအတိုက်အခံနိုင်ငံရေးသမားများအား ပြင်းထန်စွာအရေးယူသည့်သာဓက ဖြစ်ခဲ့သည်။

၄၂။ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ချက်အရ ပြင်ဆင်ထားသောရွေးကောက်ပွဲဥပဒေများက ရွေးကောက်ပွဲပုံစံသစ်ကိုဖြစ်စေခဲ့ပြီး ထိုပြင်ဆင်ချက်အရ နိုင်ငံရေးပါတီများသည် ရွေးကောက်ပွဲတွင် ကိုယ်စားလှယ်လောင်းများဝင်ရောက်အရွေးခံနိုင်ရန် ဘီနင်းငွေကြေး ၂၉၄ သန်း (ခန့်မှန်းခြေ ဒေါ်လာ လေးသိန်းခန့် )ပေးသွင်းရမည်ဖြစ်သည်။ ထို့ပြင် ဥပဒေပြုရေးတွင်ပါဝင်နိုင်ရန် ဆန္ဒမဲအားလုံး၏ ၁၀% လည်းရရှိရမည်ဖြစ်သည်။ သို့အတွက် ပါတီနှစ်ခုသာလျှင် ထိုစံသတ်မှတ်ချက်များကို မီခဲ့ပြီး ၂၀၁၉ ခုနှစ်၌ ပါလီမန်အမတ်နေရာများကို ရယူနိုင်ခဲ့သည်။ ထိုပါတီနှစ်ခုမှာလည်း သမ္မတအား သစ္စာခံသော ပါတီနှစ်ခုသာဖြစ်ခဲ့သည်။

၄၃။ သမ္မတထံလ်လမ်ကမူ လွတ်လပ်သောအသင်းအဖွဲ့များ ဖွဲ့စည်းခြင်းနှင့် ဒီမိုကရေစီအုပ်ချုပ်မှုပုံစံတွင်ပါဝင်ခြင်းတို့အပေါ် တင်းကြပ်သည့်လုပ်ဆောင်ချက်အပါအဝင် ဤသို့ပြင်ဆင်ခဲ့သော ရွေးကောက်ပွဲဥပဒေများသည် ဘီနင်းနိုင်ငံ၏ အကွဲကွဲအပြားပြားဖြစ်နေသော ပါလီမန်အားပို၍ ခိုင်မာတောင့်တင်းလာစေသည်ဟု ဆိုခဲ့သည်။

၄၄။ အမှုတင်သွင်းပြီးနောက် လူသားနှင့်ပြည်သူများ၏အခွင့်အရေးများဆိုင်ရာ အာဖရိကတရားရုံးက ပထမဦးစွာ ၎င်းတို့အပြီးသတ်စီရင်ချက်ချမှတ်ပြီးသည့်အချိန်အထိ (CRIET ) ၏ဆုံးဖြတ်ချက်ကို အကောင်အထည်ဖော်ခြင်းအား ဆိုင်းငံ့ထားရန်၊ ဘီနင်းနိုင်ငံအနေဖြင့် ၎င်းတို့၏အမိန့်အား အကောင်အထည်ဖော်ဆောင်ရွက်မှုကို ၁၅ ရက်အတွင်း အစီရင်ခံတင်ပြရန် အမိန့်ချမှတ်ခဲ့သည်။ ဒုတိယအနေဖြင့် ထိုကနဦးအမိန့်ကိုလိုက်နာရန် ဘီနင်းနိုင်ငံအား နှိုးဆော်ခဲ့ပြီး လာမည့်ရွေးကောက်ပွဲမှ ကိုယ်စားလှယ်လောင်းဖြစ်သူ မစ္စတာဟွောမ်းအား အတားအဆီးဖြစ်နေသည့် အုပ်ချုပ်ရေး၊ တရားစီရင်ရေးနှင့် နိုင်ငံရေးအရ မည်သည့်ဆောင်ရွက်ချက်ကိုမဆို ထိထိရောက်ရောက် ဖယ်ရှားပေးရန်အတွက် လိုအပ်သည့်ဆောင်ရွက်ချက်များအားလုံးကို ပြုလုပ်ရန် တောင်းဆိုခဲ့သည်။

၄၅။ အာဖရိကတရားရုံးတွင် မစ္စတာဟွောမ်းက အခြားသောတင်ပြချက်များအနက် **ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်း အပိုဒ် ၁၀ ( Universal Declaration of Human Right- Article 10), လူသားနှင့်ပြည်သူများ၏အခွင့်အရေးများဆိုင်ရာ အာဖရိကပဋိညာဉ်စာတမ်းအပိုဒ် ၇(၁)(က)၊၂၉ (African Charter on Human and Peoples' Right- ACHPR 7(1)(a),29), ပြည်သူ့ရေးရာ နှင့် နိုင်ငံရေးအခွင့်အရေးများဆိုင်ရာ နိုင်ငံတကာသဘောတူစာချုပ် အပိုဒ် ၂(၃) ၊ ၁၉(၂) (International Covenant on Civil and Political Rights-2(3), 19(2) , ဒီမိုကရေစီ၊ ရွေးကောက်ပွဲများနှင့်အစိုးရဆိုင်ရာ အာဖရိကပဋိညာဉ်စာတမ်း အပိုဒ် ၁၀(၂) (African Charter on Democracy, Elections and Governance- ACDEG 10(2)** တို့အရ CRIET ၏စီရင်ချက်ကို အယူခံဝင်ရောက်ရန် ၎င်း၏အခွင့်အရေးအား ချိုးဖောက်ခြင်းကို အဓိကတင်ပြခဲ့သည်။ ၎င်းက

ထွေ့ာက်လဲရာ၌ နိုင်ငံရေးပါတီများကရွေးချယ်ထောက်ခံသည့် ကိုယ်စားလှယ်လောင်းများကိုသာ လျှင် ဘီနင်းနိုင်ငံသားများကဆန္ဒမဲပေးရန် ဟူသောအချက်ဖြစ်သည့် ပြင်ဆင်ထားသောဖွဲ့စည်းပုံ အခြေခံဥပဒေ အပိုဒ် ၁၅၃(၁) သည် ICCPR အပိုဒ် ၁၉(၂) တွင် ဖော်ပြထားသည့် လွတ်လပ်စွာ ထုတ်ဖော်ခွင့်ကို ချိုးဖောက်သည်ဟူ၍ ဖြစ်သည်။ ထို့ပြင် ဘီနင်းနိုင်ငံ၏ ဆောင်ရွက်ချက်များသည် လွတ်လပ်စွာအသင်းအဖွဲ့ ဖွဲ့စည်းခြင်း၊ ထုတ်ဖော်ခြင်းနှင့် လူမျိုးဘာသာ၊ ကျားမခွဲခြားမှု မရှိစေရန် အခွင့်အရေးများကို အကာအကွယ်ပေးထားသည့် အမျိုးမျိုးသော ဒေသတွင်းနှင့် အပြည်ပြည် ဆိုင်ရာ လူ့အခွင့်အရေးစာချုပ်များကို ချိုးဖောက်ခဲ့သည်ဟု ထပ်မံထွေ့ာက်ထားခဲ့သည်။

၄၆။ ဘီနင်းနိုင်ငံမှပြန်လည်ချေပရာ၌ ၎င်းတို့နိုင်ငံ၏ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ရွေးကောက်ပွဲ ဆိုင်ရာဥပဒေများကို စိစစ်ရန်နှင့်ပယ်ဖျက်ရန် အာဖရိကတရားရုံး၌ စီရင်ပိုင်ခွင့်မရှိကြောင်း၊ တစ် နည်းအားဖြင့် မစ္စတာဟွေ့ာမ်းသည် အာဖရိကတရားရုံးသို့ အမှုတင်သွင်းရန် ရုံးသို့လာရောက်ခွင့်၊ ပြောဆိုခွင့်မရှိသောကြောင့် ယခုကိစ္စအား ခွင့်မပြုသင့်ကြောင်း၊ သို့အတွက် မစ္စတာဟွေ့ာမ်း၏ မည်သည့်လူ့အခွင့်အရေးကိုမျှ ချိုးဖောက်မှုမရှိခဲ့ကြောင်း ကြေညာချက်တစ်ရပ် ထုတ်ပြန်ပေးရန် တောင်းဆိုခဲ့သည်။

၄၇။ စီရင်ချက်တွင် အာဖရိကတရားရုံးက ယခုအမှုအား ၎င်းတို့အနေဖြင့် စီရင်ပိုင်ခွင့်ရှိကြောင်း၊ လူ့အခွင့်အရေးများကို ချိုးဖောက်ခြင်းများသည် ဘီနင်းနိုင်ငံက အတည်ပြုလက်မှတ်ရေးထိုးထား သော ပဋိညာဉ်စာတမ်းနှင့် အခြားသောအပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးစာချုပ်များကို အကြောင်းပြု၍ ပေါ်ပေါက်နေပြီး ထိုအချက်များအရပင် စီရင်ဆုံးဖြတ်ရန် လုံလောက်မှုရှိကြောင်း၊ ထို့အပြင် မစ္စတာဟွေ့ာမ်းအနေဖြင့် ၎င်း၏နိုင်ငံအတွင်း၌ ဥပဒေအရ ကုစားခွင့်ပေးထားသည့် နည်းလမ်းမှန်သမျှ လိုက်နာဆောင်ရွက်ပြီးဖြစ်သည်ကို တွေ့ရှိရကြောင်း ဖော်ပြခဲ့သည်။

၄၈။ တရားရုံးက ဆုံးဖြတ်ရာတွင် ဘီနင်းနိုင်ငံအနေဖြင့် မစ္စတာဟွေ့ာမ်း၏ ဥပဒေအရ ကုစားခွင့် အခွင့်အရေးများကိုချိုးဖောက်မှုမရှိခဲ့သော်လည်း ဘီနင်းနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေး လုပ်ငန်းစဉ်များသည် ဒီမိုကရေစီ၊ ရွေးကောက်ပွဲနှင့် ကောင်းမွန်သောအစိုးရဆိုင်ရာ အာဖရိက ပဋိညာဉ်စာတမ်း အပိုဒ် ၁၀(၂) အရ နိုင်ငံလုံးဆိုင်ရာသဘောတူညီချက်ကို ရယူဆောင်ရွက်ခြင်း မပြုခဲ့သောကြောင့် ၎င်းတို့အတည်ပြုလက်မှတ်ရေးထိုးထားသော အဆိုပါပဋိညာဉ်ပါ တာဝန် ဝတ္တရားကို ချိုးဖောက်ခဲ့ကြောင်း၊ ဘီနင်းနိုင်ငံက ထိုသို့လိုက်နာမှုမရှိဘဲ ပြင်ဆင်ခဲ့သော ဖွဲ့စည်းပုံ အခြေခံဥပဒေအရ အများပြည်သူအရေးကိစ္စများ၊ သာတူညီမျှမှု၊ လွတ်လပ်စွာ ဖွဲ့စည်းခွင့်၊ လွတ်လပ်စွာကိုးကွယ်ခွင့်၊ ထုတ်ဖော်ခွင့်များတွင် ပါဝင်ဆောင်ရွက်ရန် စွဲဆိုထားသည့် အခွင့် အရေးများကို ချိုးဖောက်မှုများနှင့်စပ်လျဉ်း၍ တရားရုံးက အမိန့်ချမှတ်ရန် မလိုအပ်ကြောင်း၊ **ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်း အပိုဒ် ၁၁ နှင့် ပဋိညာဉ်စာတမ်းအပိုဒ် ၁၃(၃)** တို့အရ

ဘီနင်းနိုင်ငံသည် မစ္စတာပျောာမ်း၏ အခွင့်အရေးများကို ချိုးဖောက်ကြောင်း၊ ဘီနင်းနိုင်ငံ၏ ၁၉၉၀ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေကိုပြင်ဆင်သည့်ဥပဒေအား ရုပ်သိမ်းရန်၊ ဘီနင်းနိုင်ငံအနေဖြင့် မစ္စတာပျောာမ်းအပါအဝင် ၎င်း၏နိုင်ငံသားများအား လာမည့်သမ္မတရွေးကောက်ပွဲ၌ လွတ်လပ်စွာ ပါဝင်ယှဉ်ပြိုင်နိုင်စေရေးအလို့ငှာ အဆိုပါပြင်ဆင်ချက်အရဖြစ်ပေါ်လာသည့် ရွေးကောက်ပွဲဥပဒေများအားလုံးကို ရုပ်သိမ်းရေးအတွက်ဆောင်ရွက်ရန် အပြီးသတ်အမိန့်ကို ၄.၁၂.၂၀၂၀ နေ့တွင် ချမှတ်ခဲ့သည်။




**အာဖရိကတရားရုံးနှင့်တရားသူကြီးများ**



**အာဖရိကတရားရုံးတရားသူကြီးများရုံးထိုင်သည့်တရားခွင်**




**အာဖရိကတရားရုံး**

## သုံးသပ်ချက်

၄၉။ ဤအမှုကိုဖတ်ရှုရခြင်းကြောင့် ဘီနင်းနိုင်ငံသည် အာဖရိကန်ချာတာ၌ စာချုပ်ဝင်နိုင်ငံ အဖြစ် လက်မှတ်ရေးထိုးခဲ့သည့်အတွက် ၎င်းနိုင်ငံ၏ဖွဲ့စည်းပုံအခြေခံဥပဒေအား ပြင်ဆင်ရာ၌ပင် ၎င်းသဘောဆန္ဒဖြင့် လွတ်လပ်စွာပြင်ဆင်နိုင်မှု မရှိတော့သည်ကို တွေ့ရှိရပါသည်။ သို့ဖြစ်၍ ကမ္ဘာ့ နိုင်ငံများနှင့်ထိတွေ့ဆက်ဆံရာ၌ နိုင်ငံတကာစာချုပ်များ၊ သဘောတူညီချက်များ၊ ပဋိညာဉ်စာတမ်း များ…အစရှိသည်တို့၌ စာချုပ်ဝင်နိုင်ငံအဖြစ် လက်မှတ်ရေးထိုးဆောင်ရွက်ခြင်း၏ နောက်ဆက်တွဲ ဖြစ်ပေါ်လာမည့် ကောင်းမွေ၊ ဆိုးမွေများသည် နိုင်ငံတစ်နိုင်ငံအတွက် မည်မျှအထိ အကျိုးသက် ရောက်မှုရှိစေမည်ဆိုခြင်းကို ဤအမှုက မီးမောင်းထိုးပြသနေကြောင်း လေ့လာတွေ့ရှိရပါသည်။

## နိဂုံး

၅၀။ ဘီနင်းသမ္မတနိုင်ငံသည် လွှတ်တော်တစ်ရပ်တည်းဖြင့် ဥပဒေပြုရေးအာဏာကို ကျင့်သုံး ဆောင်ရွက်သဖြင့် Unicameral System ကိုကျင့်သုံးကြောင်း တွေ့ရှိရပါသည်။ ဖွဲ့စည်းပုံအခြေခံ ဥပဒေဆိုင်ရာတရားရုံး၏ ဆုံးဖြတ်ချက်သည်လည်းကောင်း၊ တရားလွှတ်တော်ချုပ်၏ ဆုံးဖြတ် ချက်သည်လည်းကောင်း အပြီးအပြတ်အတည်ဖြစ်သည်ဟူသောပြဋ္ဌာန်းချက်မျိုး မတွေ့ရှိရပါ။ ကမ္ဘာ့အဆင်းရဲဆုံးနိုင်ငံများစာရင်းတွင် ပါဝင်နေသော်လည်း ဖွဲ့စည်းပုံအခြေခံဥပဒေကို တန်ဖိုး

ထားမှုမှာမူ မြင့်မားသည်ကိုတွေ့ရှိရပါသည်။ ဘီနင်းပြည်သူများအကြား ဖွဲ့စည်းပုံအခြေခံဥပဒေ ပျံ့နှံ့စေရေးနှင့် ပြည်သူများအားဖွဲ့စည်းပုံအခြေခံဥပဒေအသိပညာပေးရေးကို နိုင်ငံတော်က တာဝန်တစ်ရပ်အနေဖြင့် ခံယူထားသည့်ပြဋ္ဌာန်းချက်မှာ ကမ္ဘာပေါ်ရှိ အခြားဖွဲ့စည်းပုံအခြေခံဥပဒေ အများစုတွင် ပါဝင်ခဲ့သောပြဋ္ဌာန်းချက်တစ်ရပ် ဖြစ်သည်ကိုတွေ့ရှိရပါသည်။ ထို့မှုမက ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာတရားရုံးကိုလည်း အချုပ်အခြာအာဏာသုံးရပ်ဖြစ်သော ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးတို့ကို အပြန်အလှန်ထိန်းကျောင်းပေးသည့်- ဖွဲ့စည်းပုံအခြေခံ ဥပဒေကို **ထိန်းသိမ်းစောင့်ရှောက်ပေးသည့် - ပြယုဂ်၊ Guardian Embodiment** အဖြစ် လုပ်ပိုင်ခွင့်များကို မြင့်မားစွာ ပေးအပ်ထားကြောင်း တွေ့ရှိရသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင် ရာတွင် ကိုယ်စားလှယ် စုစုပေါင်း၏ ၅ ပုံ ၄ ပုံ ဆန္ဒမဲမရရှိပါက ပြည်လုံးကျွတ်ဆန္ဒခံယူပွဲဖြင့်သာ အတည်ပြုရမည်ဖြစ်သဖြင့် ပြင်ဆင်ရန် အခက်ခဲဆုံးမဟုတ်သော်ငြား အလွယ်တကူပြင်ဆင် နိုင်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေလည်း မဟုတ်သည်ကိုတွေ့ရှိရသည်။ ထို့ပြင် အစိုးရဝန်ကြီးဌာန တွင် ရာထူးခန့်အပ်ခံရသော မည်သည့်ကိုယ်စားလှယ်မဆို ၎င်း၏ လွှတ်တော်ဆိုင်ရာလုပ်ပိုင်ခွင့်ကို အလိုအလျောက် စွန့်လွှတ်ရမည်ဖြစ်သဖြင့် အုပ်ချုပ်ရေးမဏ္ဍိုင်နှင့်ဥပဒေပြုရေးမဏ္ဍိုင်တို့ ထွေးရောယှက်တင်မရှိဘဲ သီးခြားစီကျင့်သုံးဆောင်ရွက်သည်ကို တွေ့ရှိရသကဲ့သို့ ဖွဲ့စည်းပုံ အခြေခံဥပဒေ အပိုဒ် ၁၂၅ အရ တရားစီရင်ရေးအာဏာသည်လည်း ဥပဒေပြုရေးနှင့် အုပ်ချုပ်ရေး အာဏာတို့မှ လွတ်လပ်စွာ ကျင့်သုံးဆောင်ရွက်သည်ကို တွေ့ရှိရပါသည်။ ထို့ပြင် ဖွဲ့စည်းပုံအခြေခံ ဥပဒေအရ ပြဋ္ဌာန်းသောဥပဒေများအား ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ညီညွတ်မှုရှိကြောင်း ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာတရားရုံးက ဆုံးဖြတ်ကြေညာပြီးနောက်မှသာလျှင် ထုတ်ပြန်ပြဋ္ဌာန်းနိုင် သည့်အတွက် ဤအချက်အရပင် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးသည် မြင့်မားသော လုပ်ပိုင်ခွင့်ရှိသည့် အဖွဲ့အစည်းတစ်ခုဖြစ်သည်ကို ထင်ထင်ရှားရှားတွေ့မြင်နိုင်ပါကြောင်း လေ့လာ တင်ပြအပ်ပါသည်။

**ကျမ်းကိုးစာရင်း**


၁။ **Benin's Constitution of 1990,** file:///D:/Benin/Benin_1990-en.pdf

၂။ **Dahomey, Kingdom of ; author: J. Cameron Monroe, University of California, USA.** file:///D:/Benin/Dahomey_Kingdom_of.pdf

**University of California, Santa Cruz | UCSC · Department of Anthropology .PhD**

၃။ **COUNTRY REPORT FOR BENIN REPUBLIC,By Geofery Luntsi, February 2022,** University of Maiduguri. Position: Lecturer I. Qualifications: B. Rad., M Sc., Ph. D. Area of Specialization: Medical Imaging. file:///D:/Benin/ Country% 20 Report%20Benin.pdf

၄။ **2003 Center for Reproductive Rights ; formerly the Center for Reproductive Law and Policy,** www.reproductiverights.org

၅။ International Decision Commentary: Houngue Éric Noudehouenou v. Republic of Beninv. Republic of Benin,Olabisi D. Akinkugbe, Faculty Scholarship, Schulich School of Law, Dalhousie University

**အင်တာနက်ဝက်ဆိုဒ်များ**

၁။ https://www.nationsonline.org/oneworld/History/Benin-history-timeline.htm

၂။ https://www.google.com/search?client=firefox-b- d&q=the+history+ of+the+ kingdom +of+dahomey

၃။ file:///D:/Benin/Dahomey_Kingdom_of.pdf

၄။ https://www.britannica.com/place/Benin

၅။ https://www.nationsonline.org/oneworld/History/Benin-history-timeline.htm

၆။ https://en.wikipedia.org/wiki/Benin

၇။ https://gfmag.com/data/economic-data/poorest-country-in-the-world/

၈။ https://gfmag.com/data/economic-data/poorest-country-in-the-world/

၉။ file:///D:/Benin/Country%20Report%20Benin.pdf

၁၀။ file:///D:/Benin/profile-Benin%20%E1%80%95%E1%80%94%E1%80%BA%E1%80%B8%E1%80%9B%E1%80%B1%E1%80%AC%E1%80%84%E1%80%BA.pdf

၁၁။ https://dullahomarinstitute.org.za/acjr/resource-centre/benin

୧୨॥ file:///D:/Benin/IFES%20Election% 20Guide%20Elections% 20Benin% 20National% 20Assembly%202023.html

୧୩॥ https://data.ipu.org/parliament/bj?chamber_id=13341

୧୪॥ file:///D:/Benin/profile-Benin.pdf

୧୫॥ https://www.google.com/search?client=firefox-b-d&q=constitution+of +benin+ republic